# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၅၃ ခုနှစ်၊ ရှမ်းပြည်နယ်၌စစ်ဥပဒေခေတ္တထုတ်ပြန်ကျေညာမှု အက်ဥပဒေ။

**[၁၉၅၃ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၁။]**

**၁၃၁၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်။**

**(၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၂၂ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေ ညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေသည်၊ ရှမ်းပြည်နယ်အတွင်း၌သာ အတည်ဖြစ်ရမည့်အပြင်၊ နိုင်ငံတော်သမတက၊ အမိန့်ထုတ်ပြန်ကျေညာသတ်မှတ်သည့်နေ့တွင် အတည်ဖြစ်ခြင်းမှ ရပ်စဲရမည်။

၂။ ။ နိုင်ငံတော်သမတက၊ အခါကာလအားလျော်စွာ ထုတ်ပြန်ကျေညာ၍၊ ထိုကျေညာချက်တွင် သီးခြား ဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်း၊ ရှမ်းပြည်နယ်ရှိ အရပ်ဒေသတခုခုကိုဖြစ်စေ၊ အရပ်ဒေသ များကိုဖြစ်စေ၊ စစ်ဘက်ဆိုင်ရာအာဏာပိုင်၏ အမိန့်များနှင့် စည်းမျဉ်းဥပဒေများအရ အုပ်ချုပ်စေခြင်း ငှါ၊ နိုင်ငံတော်သမတက၊ စစ်ဘက်ဆိုင်ရာသို့ အပ်နှင်းနိုင်ခွင့်ရှိသည်။

၃။ ။ ပုဒ်မ ၂ အရ ထုတ်ပြန်ကျေညာသည့်အခါ၊ ထိုကျေညာချက်တွင် သီးခြားဖေါ် ပြထားသည့်နယ်များ ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်၏ညွှန်ကြားချက်အရ စီရင်အုပ်ချုပ်ရမည်။

၄။ ။ ပုဒ်မ ၂ အရ ထုတ်ပြန်ကျေညာထားသော နယ်တခုခုတွင်သော်၎င်း၊ နယ်များတွင်သော်၎င်းရှိသော ရုံးနှင့်ခုံအဖွဲ့အားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်က အခါကာလအားလျော်စွာ ညွှန်ကြားသည့်အတိုင်းမှတပါး၊ ထိုရုံးနှင့်ခုံအဖွဲ့အားလုံးသို့ အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အာဏာနှင့် အခြားအာဏာများကို သုံးစွဲခြင်းမှ ချက်ခြင်းရပ်စဲရမည်။ ထိုရုံးများနှင့် ခုံအဖွဲ့ များက၊ ထိုသို့ရပ်စဲသည့်အချိန်အထိသုံးစွဲခဲ့သော စီရင်ပိုင်ခွင့်အာဏာနှင့်အခြားအာဏာများကို၊ ပြည် ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်ဖွဲ့စည်းသည့်ရုံးများနှင့် ခုံအဖွဲ့များက ဆက်ခံသုံးစွဲရမည်။

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်ကဖွဲ့စည်းသည့် ရုံးတခုခု ကဖြစ်စေ၊ ခုံအဖွဲ့တခုခုကဖြစ်စေ ချမှတ်သည့် စီရင်ချက်ကို၊ အယူခံဝင်ခွင့်မရှိရ။

၆။ ။ သေဒဏ်သော်၎င်း၊ တကျွန်းပို့ဒဏ်သော်၎င်း၊ ခုနစ်နှစ်ထက်ပိုသော ထောင်ဒဏ်သော်၎င်း စီရင်ခြင်း ခံရသူ တဦးတယောက်သည်၊ မိမိပြစ်ဒဏ်စီရင်ခြင်းခံရသည့်နေ့မှ ၁၅ ရက်အတွင်း ပြည်ထောင်စုမြန်မာ နိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်ထံ၊ ထိုပြစ်ဒဏ်စီရင်ခြင်းကို ကြည့်ရှုပြင်ဆင်ရန် လျှောက်ထားနိုင်သည်။

၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်ဖွဲ့စည်းသည့် ရုံးတခုခုက ဖြစ်စေ၊ ခုံအဖွဲ့တခုခုကဖြစ်စေ၊ ချမှတ်သော သေဒဏ်အမိန့်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင် တပ်ပေါင်းစုံ

စစ်သေနာပတိက၊ ထိုကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အရာရှိတဦးဦးက စာဖြင့်အ တည်မပြုလျှင်၊ ထိုသေဒဏ်အမိန့်အတိုင်း ဆောင်ရွက်ကွပ်မျက်ခြင်းမပြုရ။

၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်က ဖွဲ့စည်းသည့်ရုံးများ၏၊ သို့တည်းမဟုတ် ခုံအဖွဲ့များ၏ ဆောင်ရွက်မှုများနှင့် မှတ်တမ်းများကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံ စစ်သေနာပတိချုပ်က၊ အခါကာလအားလျော်စွာ ညွှန်ကြားသည့်နည်းများအ တိုင်း ဆောင်ရွက်ထားရှိရမည်။

၉။ ။ ပုဒ်မ ၂ အရ ထုတ်ပြန်ကျေညာထားသော နယ်မြေအတွင်းရှိ တရားမရုံးများသည်၊ ထိုကျေညာချက် ပြန်လည်မရုပ်သိမ်းသမျှကာလပတ်လုံး၊ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက် များအလို့ငှါ ပိတ်ထားသည်ဟူ၍ မှတ်ယူရမည်။

၁၀။ ။ ပုဒ်မ ၂ အရ ထုတ်ပြန်ကျေညာထားသော နယ်မြေအတွင်းရှိ တရားရုံးက စီရင်ချမှတ်သော ဒီကရီ၊ သို့တည်းမဟုတ် အမိန့်တခုမှပေါ်ပေါက်လာသော အယူခံလွှာများကို၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဋ္ဌမဇယား တတိယအကွက်တွင် သီးခြားဖေါ်ပြထားသည့် ကာလအပိုင်းအခြားအတွင်း တင်သွင်းနိုင် သည်။ ထိုကာလအပိုင်းအခြားကို ကျေညာချက်ရုပ်သိမ်းသည့်နေ့မှစ၍ ရေတွက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊<br>
နိုင်ငံတော်သမတ၊<br>
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၁၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်။<br>
(၁၉၅၃ ခုနှစ်၊ စက်တဘ်ာလ ၂၂ ရက်။)

အမိန့်အရ၊<br>
ပါစိန်၊<br>
နိုင်ငံတော်သမတကြီး၏အတွင်းဝန်။<br>
[အမှတ် ၆၅]